# ယူအင်န်ဒီပီ၏ လုပ်ငန်းဆောင်တာများ

ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (ယူအင်န်ဒီပီ)သည် ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကွန်ရက်ကြီးတစ်ခုဖြစ်သည်။ ၁၇၇ နိုင်ငံနှင့် ပိုင်နက်နယ်မြေ များတွင် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အကူးအပြောင်းကာလအတွက် အရေးပါသော နိုင်ငံရေးနှင့် လူမှုစီးပွားရေး ပြုပြင်ပြောင်းလဲမှုများအတွက် ယူအင်န်ဒီပီက ထောက်ပံ့ကူညီမှုများ ပေးအပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံအစိုးရ၏ ဆင်းရဲမွဲတေမှု လျှော့ချရေးလုပ်ငန်းစဉ်များ၊ သဘာဝပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ် သက်ရောက်မှု လျှော့ချရေး ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်များနှင့် ဒီမိုကရေစီ နည်းလမ်းကျ ဒေသန္တရ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအတွက် အင်စတီကျူးရှင်းများကို စွမ်းဆောင်ရည် မြှင့်တင်ပေးရန် လုပ်ငန်းများကို ထောက်ပံ့နိုင်ရန်အတွက် ယူအင်န်ဒီပီက ၂၀၁၃-၂၀၁၅ သုံးနှစ်တာ စီမံချက်တစ်ရပ်ကို အကောင်အထည်ဖော် စီစဉ်ကူညီနေပါသည်။